Karenni Nationalities Defence Force
ကရင်နီအမျိုးသားများကာကွယ်ရေးတပ်

# ဖေဖော်ဝါရီလ ပထမ အပတ် တိုက်ပွဲသတင်းထုတ်ပြန်ကြေညာချက်

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့။

ဖေဖော်ဝါရီလ (၄) ရက်နေ့၊ မနက်အစောပိုင်း (၅း၃၀)နာရီ၊ လွိုင်ကော်မြို့နယ်၊ ကယန်းသာယာကျေးရွာအနီးတွင် စစ်ကြောင်းထိုးလာသော အကြမ်းဖက်စစ်ကောင်စီတပ်များကို ကရင်နီတပ်မတော် (KA) နှင့် KNDF တို့မှ တိုက်ခိုက်ခဲ့ပါသည်။ နှစ်ဖက်ထိတွေ့တိုက်ပွဲမှာ မိနစ် (၃၀) ခန့်ကြာမြင့်ခဲ့ပြီး တိုက်ပွဲအတွင်း ထိခိုက်ကျဆုံးမှုများကို အတည်မပြုနိုင်ပေ။

ထို့အတူ ၄င်းနေ့ ညနေပိုင်း(၁၄း၁၀) နာရီ၌၊ လွိုင်ကော်မြို့နယ်၊ ထီရီကျေးရွာတောင်ပေါ်တွင် တပ်စွဲထားသော အကြမ်းဖက်စစစ်ကောင်စီတပ်များကို ကရင်နီတပ်မတော် (KA)၊ နှင့် KNDF တို့မှ တိုက်ခိုက်ခဲ့ပါသည်။ ထိုတိုက်ပွဲမှာ တစ်နာရီခွဲခန့် ကြာမြင့်ခဲ့ပြီး အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့မှ (၇) ဦးသေဆုံးခဲ့ကာ အများအပြား ထိခိုက်ဒဏ်ရာရခဲ့ပါသည်။

ဖေဖော်ဝါရီလ (၇) ရက်နေ့ လွိုင်ကော်မြို့နယ်၊ လင်ဖုံလင်းလမ်းခွဲတွင် အကြမ်းဖက်စစ်ကောင်စီတပ်များကို ကရင်နီတပ်မတော် KA နှင့် KNDF PDF (ဖယ်ခုံ)တို့မှ တိုက်ခိုက်ခဲ့ပါသည်။နှစ်ဖက်ထိတွေ့တိုက်ခိုက်မှုမှာ မနက် (၅း၃၀) မှစ၍ နှစ်ကြိမ် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်စစ်ကောင်စ်တပ်ဘက်မှ (၉) ဦးသေဆုံးကာ အများအပြားဒဏ်ရာရခဲ့ပါသည်။

အထက်ပါထိတွေ့တိုက်ပွဲများတွင် မိမိတို့ဘက်မှ ရဲဘော်အချို့ အသေးစား ထိခိုက်ဒဏ်ရာရရှိမှုမှ လွဲ၍ ကြီးကြီးမားမားထိခိုက်မှုမရှိခဲ့ပါ။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉၄၉၅၇၂၉၃၁၊ ၀၉၇၆၅၇၃၃၁၆၈။